# ငြိမ်းချမ်းသာယာ၍စည်ပင်ဝပြောသောရပ်ရွာအသိုင်းအဝိုင်းများဖော်ဆောင်ရေးစီမံကိန်း

# သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်(အနှစ်ချုပ်)

## စီမံကိန်းအကျဉ်း

၁။ "ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ရပ်ရွာအသိုင်းအဝိုင်းများ ဖော်ဆောင်ရေး စီမံကိန်း" သည် ဒေသခံပြည်သူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)နှင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်တို့ရှိ ဒေသန္တရအစိုးရ အဖွဲ့အစည်းများအကြား စေ့စပ်ညှိနှိုင်းခြင်းနှင့် ယုံကြည်မှုတိုးမြှင့်ခြင်းလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း အပါအဝင် ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည့် ဒေသများအတွင်းရှိ ထိခိုက် ခံစားနေရသော ကျေးလက်နေပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းများ နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးပွားလာစေရန်အတွက် ကူညီထောက်ပံ့ပေးသွားမည့် စီမံကိန်း ဖြစ်ပါသည်။

၂။ စီမံကိန်းအစီအစဉ် ရေးဆွဲနေစဉ် ကာလအတွင်း ဒေသခံပြည်သူများ၏ အလုံးစုံလိုအပ်ချက် များနှင့် ရွေးချယ်ဆောင်ရွက်နိုင်သော စီမံကိန်းပုံစံများကို ဖော်ထုတ်နိုင်ရန်အတွက် မတူညီသော စေ့စပ်ညှိနှိုင်းသည့် နည်းလမ်းအမျိုးမျိုးအား အသုံးပြု၍ နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများကို ပြည်နယ်များနှင့် မြို့နယ်များတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ သည်။ ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ရှိ ပဋိပက္ခ ဖြစ်ပွားရာဒေသများ ဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်(၂)ခုစီတွင် စီမံကိန်း အားစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားပြီး ဆက်လက်၍ ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်များအပါအဝင် စုစုပေါင်း မြို့နယ်(၂၀)အထိ တိုးချဲ့ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းထားပါသည်။ စီမံကိန်းကို အောက်ပါ အစိတ်အပိုင်း(၄)ခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) စီမံကိန်းအစိတ်အပိုင်း(၁) - ဒေသခံပြည်သူလူထု၊ အစိုးရအဖွဲ့နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်း (USD (၁၀)သန်း)

(ခ) စီမံကိန်းအစိတ်အပိုင်း(၂) - အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အား ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ခြင်း(USD (၁၃၀)သန်း)

(ဂ) စီမံကိန်းအစိတ်အပိုင်း(၃) - ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်း များ မြှင့်တင်ဆောင်ရွက်ခြင်း (USD (၉၀)သန်း)

(ဃ) စီမံကိန်းအစိတ်အပိုင်း(၄) - အကောင်အထည်ဖော်ရေးဆိုင်ရာ အထောက်အပံ့ ပေးခြင်း (USD (၂၀)သန်း)

၃။ စီမံကိန်းသည် ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ အခြေခံအဆောက်အအုံများဆိုင်ရာ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်း၍ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ (အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာနယ်ပယ်များ) နှင့် ဒေသတွင်း ကျေးလက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ ဤသဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF) တွင် အကြမ်းဖျဉ်း ဖော်ပြထားသော သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ အကာအကွယ်ပေးမှု လုပ်ငန်းစဉ်များသည် စီမံကိန်းမှ ကူညီထောက်ပံ့မည့် လုပ်ငန်းများအတွက် အဓိကထား၍ ရေးဆွဲထားခြင်း ဖြစ်ပါသည်။ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ ဝန်ဆောင်မှုပေးမည့် တိုင်းရင်းသားများနှင့် အစိုးရအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း အစရှိသည့် လုပ်ငန်းများအပြင် မျှော်မှန်းမထားသည့် စီမံကိန်းလည်ပတ်စရိတ်များအတွက်ပါ ကူညီထောက်ပံ့ ပေးမည်ဖြစ်ပါသည်။

၄။ စီမံကိန်းကို ပြည်ထောင်စုအဆင့်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် စီမံကိန်းအကောင်အထည်ဖော်ရာ၌ ထိရောက်မှု ရှိစေရန်နှင့် လွယ်ကူအဆင်ပြေစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များသည် သက်ဆိုင်ရာ EAOs ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ မြို့နယ်အဆင့်တွင် စီမံကိန်းအစိတ်အပိုင်း(၂.၂) (အလတ်စား အခြေခံ အဆောက်အအုံများ ဆောင်ရွက်ပေးခြင်း)နှင့် စီမံကိန်းအစိတ်အပိုင်း(၂.၃) (ဝန်ဆောင်မှုလုပ်ငန်း များအတွက် ထောက်ပံ့ငွေကူညီခြင်း)တို့အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကောင် အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းအစိတ်အပိုင်း(၂.၁) (လူထုအခြေပြု အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း)နှင့် စီမံကိန်းအစိတ်အပိုင်း(၃) (ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ခြင်း) တို့အား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သက်ဆိုင်ရာ ဒေသရှိ ဦးစားပေး ဆောင်ရွက်သွားမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ သဘောသဘာဝအပေါ် မူတည်၍

နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးမည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ပူးပေါင်းချိတ်ဆက်သွားမည် ဖြစ်ပါသည်။

၅။ EAOs ကိုယ်စားလှယ်များသည် မြို့နယ်အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ စီမံကိန်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ချမှတ်မည့်အဖွဲ့တွင် ပါဝင်မည်ဖြစ်ပြီး စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းဒေသရှိ အဖွဲ့အစည်းများနှင့် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များ ဦးစားပေးကဏ္ဍများနှင့် ကိုက်ညီမှုရှိစေရန်အတွက် သေချာအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မဟာဗျူဟာပိုင်းဆိုင်ရာ ဦးဆောင်မှုများနှင့် စီမံကိန်းနှင့် ပတ်သက်သည့် အလုံးစုံ လမ်းညွှန်ချက်များ ချမှတ်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာများအား အထောက်အကူပေးမည့် အဓိက ဝန်ကြီးဌာနများနှင့် အစိုးရ၏ မူဝါဒချမှတ်ရေးဆိုင်ရာ အဖွဲ့အစည်းများ (နိုင်ငံတော် အတိုင်ပင်ခံရုံးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ အပါအဝင်) မှ အကြီးတန်းအရာရှိများ ပါဝင်သော ပြည်ထောင်စုအဆင့် ဦးဆောင်ကော်မတီအား ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်(ESMF)၏ ရည်ရွယ်ချက်

၆။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင်(ESMF)သည် PPCP စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ဝန်ထမ်းများမှ စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်နိုင်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဘေးအန္တရာယ် သက်ရောက်မှုများကို ဖော်ထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေမည့် သင့်လျော်သည့် နည်းလမ်းများအား ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ စီမံကိန်း အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်နိုင်ချေရှိသော ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှား နိုင်ရန်၊ လျော့ချရန်နှင့် လျော့ပါးသက်သာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ပြုစေရန် ရည်ရွယ်ပါသည်။ ဆိုးကျိုးသက်ရောက်မှုများအား လျှော့ချခြင်းမပြုနိုင်သော စီမံကိန်း များအတွက် စီမံကိန်းမှရန်ပုံငွေ ထောက်ပံ့ခြင်းမပြုသည့် “အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းများ” စာရင်းကိုလည်း ဤအစီရင်ခံစာတွင် ဖော်ထုတ်တင်ပြထားပါသည်။ မြန်မာနိုင်ငံတော် အစိုးရ၏ တည်ဆဲဥပဒေများနှင့် စီမံကိန်းနှင့် သက်ဆိုင်သော ကမ္ဘာ့ဘဏ်၏ အန္တရာယ်ကင်းရှင်းရေးနှင့် အကာအကွယ်ပေးရေး ဆိုင်ရာမူဝါဒများနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်ရန်အတွက် ဤ ESMF တွင် အထွေထွေမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြ ထားပါသည်။

**စီမံကိန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့် ကမ္ဘာ့ဘဏ်၏အန္တရာယ်ကင်းရှင်းရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာမူဝါဒများ**

၇။ ယခု PPCP စီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ အဓိကတည်ဆဲဥပဒေများဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊ သစ်တောဥပဒေနှင့်နည်းဥပဒေများနှင့် ပိုးသတ်ဆေးဥပဒေ အစရှိသည့် ဥပဒေများအားလည်းကောင်း၊ လူမှုဆိုင်ရာနှင့် စပ်လျဉ်း၍ အဓိကဥပဒေများဖြစ်သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဥပဒေ အစရှိသည့် ဥပဒေများကိုလည်းကောင်း အပြည့်အဝထည့်သွင်း စဉ်းစားထားပြီး ဖြစ်ပါသည်။

၈။ ယခုအဆိုပြုစီမံကိန်းသည် ကမ္ဘာ့ဘဏ်မှချမှတ်ထားသည့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုက်နာရမည့် အန္တရာယ်ကင်းရှင်းရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အောက်ပါမူဝါဒများအား လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မူဝါဒ(၄.၀၁) သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း၊

(ခ) မူဝါဒ(၄.၀၄) သဘာဝနေရင်း ဒေသများ၊

(ဂ) မူဝါဒ(၄.၀၉) ပိုးမွှားစီမံခန့်ခွဲမှု၊

(ဃ) မူဝါဒ(၄.၁၀) တိုင်းရင်းသားလူမျိုးစုများ၊

(င) မူဝါဒ(၄.၁၁) ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု အမွေအနှစ်များ၊

(စ) မူဝါဒ(၄.၃၆) သစ်တောများ

(ဆ) မူဝါဒ(၇.၅) အပြည်ပြည်ဆိုင်ရာရေကြောင်းများ

၉။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်(ESMF)သည် စီမံကိန်းအစိတ်အပိုင်း(၂)တွင် ပါဝင်သည့် စီမံကိန်းလုပ်ငန်းခွဲများ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာမှ တိုက်ရိုက်ဖြစ်ပေါ်လာနိုင်သော သိသာထင်ရှားသည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်မှုများသာမက အစိတ်အပိုင်း(၃)တွင် ပါဝင်သည့်

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်ရာမှသွယ်ဝိုက်၍ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများအား ကာကွယ်နိုင်ရန် အတွက် ဖော်ထုတ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာဆိုးကျိုးသက်ရောက်နိုင်မှုများကို စီမံခန့်ခွဲခြင်း**

၁၀။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် PPCP စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်နှင့်လူမှု ဆိုင်ရာစီမံခန့်ခွဲမှုမူဘောင်(ESMF)ကို အောက်ဖော်ပြပါ အခြေခံအချက်အလက်များအား လိုက်နာခြင်းဖြင့် ဆောင်ရွက်သွားပါမည်-

(၁) မြေယာပိုင်ဆိုင်မှု(သို့မဟုတ်) လူမျိုး/မျိုးနွယ်စု တရားဝင်အထောက်အထား မရှိစေကာမူ စီမံကိန်း ဆောင်ရွက်မည့် မြို့နယ်အတွင်း နေထိုင်သူ မည်သူမဆို ESMF တွင် လုပ်ဆောင်မည့် အကာအကွယ်များနှင့် အကျုံးဝင်သည်။

(၂) စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ရှောင်ရှားခြင်း၊ လျော့နည်းစေခြင်း၊ လျှော့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

(၃) စီမံကိန်းအကောင်အထည်ဖော်ခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အသက်မွေးဝမ်းကြောင်းလုပ်ငန်းများဆုံးရှုံးမှုကို ရှောင်ရှားရမည်။ မရှောင်ရှားနိုင်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်၊ နစ်နာကြေး အပြည့်အဝ ပေးလျော်ရမည်။

(၄) စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း ဒေသခံပြည်သူလူထုများ၊ ကန်ထရိုက်တာများ၊ စီမံကိန်းဝန်ထမ်းများနှင့် အကြံပေးပညာရှင်များအပေါ် မြေမြှုပ်မိုင်းနှင့်ပတ်သက်သည့် ဘေးအန္တရာယ် ဖြစ်ပွားနိုင်ချေရှိပါက ရှောင်ရှားခြင်း၊ သက်ရောက်မှု အနည်းဆုံးဖြစ်စေရန် လျှော့ချခြင်းနှင့် သက်ရောက်မှုလျော့ပါးစေရေး ဆောင်ရွက်ရမည်။

(၅) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကူညီထောက်ပံ့သည့် အစီအစဉ်များ ဆောင်ရွက်ရာမှ သွယ်ဝိုက်၍ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများ (ဉပမာ -ပိုးသတ်ဆေးသုံးစွဲမှု) များကို ရှောင်ရှားခြင်း၊ သက်ရောက်မှု အနည်းဆုံးဖြစ်စေရန် လျှော့ချခြင်းနှင့် သက်ရောက်မှုလျော့ပါးစေရေး ဆောင်ရွက်ရမည်။

(၆) စီးပွားရေးနှင့် ရုပ်ပိုင်းဆိုင်ရာရွှေ့ပြောင်းမှုများကို ရှောင်ရှားရမည်။ စီမံကိန်းတွင် သဘောထားဆန္ဒမပါပဲ မြေယာသိမ်းယူခြင်း (သို့မဟုတ်) အိမ်ယာရွှေ့ပြောင်းခြင်း ကိစ္စရပ် များကို ဆောင်ရွက်ခွင့်မပြုပါ။

(၇) စီမံကိန်းအားအကောင်အထည်ဖော်ရာတွင် မည်သူမျှ မိမိပိုင်ဆိုင်မှုတန်ဖိုး၏ စုစုပေါင်း (၁၀%)ထက် ပိုမိုဆုံးရှုံးခြင်း မရှိစေရ။ အကယ်၍ စီမံကိန်း၏ မူလဒီဇိုင်းကြောင့် အိမ်ထောင်စုတစ်စုမှ (၁၀%)ထက် ပိုမိုဆုံးရှုံးမည်ဆိုပါက ဒီဇိုင်းပြောင်းလဲခြင်း (သို့) အခြားတစ်နေရာအား ပြောင်းလဲရွေးချယ်ရမည်။

(၈) မြေယာလှူဒါန်းမှုလုပ်ငန်းစဉ်များအားလုံး ပြီးဆုံးမှသာ စီမံကိန်းလုပ်ငန်းခွဲများကို စတင် အကောင်အထည်ဖော်ရမည်။

(၉) တိုင်းရင်းသားလူမျိုးများကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အကျိုး ရလဒ်များအား ကောင်းမွန်စွာ သိရှိနားလည် သဘောပေါက်စေရန် ၎င်းတို့၏ ဓလေ့ ထုံးတမ်းများနှင့်အညီရှင်းလင်းချပြခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများ ဆောင်ရွက်ရမည်။

(၁၀) သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို စီမံခန့်ခွဲ နိုင်စေရန်အတွက် ကျေးလက်ဦးစီးဌာန နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း များ၏ စွမ်းဆောင်ရည် အားကောင်းလာစေရန် မြှင့်တင်ဆောင်ရွက်ရမည်။

၁၁။ ESMF ကို အောက်ပါအဆင့်(၄)ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(၁) စီမံကိန်းလုပ်ငန်းခွဲများအား သတ်မှတ်ဖော်ထုတ်ခြင်း။

(၂) ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို စိစစ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် ဘေးအန္တရာယ်ဆိုင်ရာ အကာအကွယ်များကို သတ်မှတ်ခြင်း။

(၃) အကာအကွယ်အစီအမံများအား လိုက်နာရန် ပြင်ဆင်ခြင်း။

(၄) အကာအကွယ်အစီအမံများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အသုံးချမှု အား ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း။

၁၂။ စီမံကိန်းအစိတ်အပိုင်းအားလုံးတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းခွဲများ သတ်မှတ်ဖော်ထုတ် ရာတွင် ကျေးရွာတစ်ရွာချင်းစီ၏ အဓိကလူမှုစီးပွားဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်

ထားသည့် လူမှုဆိုင်ရာ ပူးပေါင်းစိစစ်သုံးသပ်ချက် (PSA)ဖြင့်အစပြုပြီး ၎င်းမှာစီမံကိန်း လုပ်ငန်းခွဲများ အတည်ပြုနိုင်ရန်အတွက် လိုအပ်သော တိုင်ပင်ဆွေးနွေးမှုများနှင့် ဦးစားပေး အစီအစဉ်များ ချမှတ်ခြင်းတို့အတွက် အထောက်အကူ ဖြစ်စေပါသည်။ ထို့နောက် ဦးစားပေး ရွေးချယ်မည့် စီမံကိန်းလုပ်ငန်းခွဲများသည် အကျုံးမဝင်သော စီမံကိန်းများ မဖြစ်စေရန်အတွက် ယခု PPCP စီမံကိန်း၏ "အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းများ" စာရင်းနှင့် တိုက်ဆိုင် စစ်ဆေးရပါမည်။ ဤလုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ဒေသခံပြည်သူများမှ ကျေးရွာ နှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ရေးဆွဲ၍ မြို့နယ်အဆင့် တာဝန်ရှိသူများ နှင့် EAOs ကိုယ်စားလှယ်များထံသို့ အစီရင်ခံတင်ပြပြီး ၎င်းတို့မှ စိစစ်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်လျက်ရှိသော ကျေးရွာများတွင် ၎င်းကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(VTDP)အား ဌာနေတိုင်းရင်းသားမျိုးနွယ်စုများအတွက် အစီအစဉ် (IPP) အဖြစ် သတ်မှတ်ဆောင်ရွက် နိုင်ပါသည်။

၁၃။ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို စိစစ်သည့်အဆင့်တွင် အကာအကွယ် စစ်ဆေးချက်ပုံစံ (Safeguard Screening Form) အား အသုံးပြု၍ ဖော်ထုတ်ပြီးဖြစ်သော စီမံကိန်းလုပ်ငန်းခွဲများအား စိစစ်သုံးသပ်နိုင်ပါသည်။ ၎င်းစိစစ်မှုရလဒ်အပေါ်မူတည်၍ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲအမျိုးအစား တစ်မျိုးချင်းစီအတွက် အကာအကွယ် အစီအမံများအား ဖော်ထုတ်ပြီး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကာအကွယ်အစီအမံများမှာ ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ (ECoPs)၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP) မြေယာလှူဒါန်းမှုပုံစံ (Voluntary donation form)၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ယဉ်ကျေးမှုအရင်းအမြစ်များ စီမံခန့်ခွဲမှုအစီအစဉ် (PCRMP)၊ ရှေးဟောင်းအမွေအနှစ်များ၊ မြေမြှုပ်မိုင်းများ မတော်တဆတွေ့ရှိပါက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ (Chance Find Procedures)နှင့် ပိုးမွှားများစီမံခန့်ခွဲမှုအစီအစဉ် (PMP)၊ စသည် တို့ ဖြစ်ကြပါသည်။

၁၄။ အကာအကွယ်အစီအမံများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အဓိက တာဝန်ရှိသူမှာ သက်ဆိုင်ရာ ကျေးလက်လူထုအဖွဲ့အစည်းများ (ဥပမာ - ကျေးရွာအဆင့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ကျေးရွာအဆင့် စီမံကိန်းလုပ်ငန်းခွဲ အထောက်အကူပြုကော်မတီ၊ ကျေးရွာအုပ်စုအဆင့် အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းများအတွက် စီမံခန့်ခွဲမှု အေဂျင်စီ၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သော စီမံကိန်းလုပ်ငန်းများ အတွက် စီမံခန့်ခွဲမှုကော်မတီများ၊ အဖွဲ့များ အစရှိသည်ဖြင့်)

ဖြစ်ကြပါသည်။ ၎င်းတို့အား ကြီးကြပ် ကွပ်ကဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်သုံးသပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ကျေးရွာအဆင့် အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းခွဲများအတွက် ကျေးရွာအုပ်စုအဆင့် စီမံကိန်း အထောက်အကူပြုဆပ်ကော်မတီနှင့် ကျေးရွာအဆင့်စောင့်ကြည့်စိစစ်ရေး ဆပ်ကော်မတီ မှလည်းကောင်း၊ ကျေးရွာအုပ်စုအဆင့် အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်းများအတွက် နည်းပညာပိုင်းဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုနှင့် အကာအကွယ်ဆိုင်ရာ အကြံပေးပညာရှင်အဖွဲ့မှ လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်သည့် စီမံကိန်းလုပ်ငန်းများ အတွက် အသက်မွေးဝမ်းကျောင်း စီမံခန့်ခွဲမှုကော်မတီမှလည်းကောင်း၊ PPCP စီမံကိန်းဝန်ထမ်း များ၊ လူထုစည်းရုံးရေးမှူး(CFs)၊ နည်းပညာစည်းရုံးရေးမှူးများ(TFs)၊ အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စည်းရုံးရေးမှူးများ(LFs)နှင့် ကျေးရွာစေတနာ့ဝန်ထမ်းများ၏ အကူအညီနှင့်အတူ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်မှ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အကာ အကွယ်များ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ၊ မြေယာလှူဒါန်းမှုပုံစံများ၊ ပတ်ဝန်း ကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာမှုရှိ/မရှိကို လိုအပ်သလို ကွင်းဆင်း လေ့လာ စိစစ်မှုများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ESMF နှင့် စီမံကိန်း၏ အခြားသက်ဆိုင်ရာ စာရွက် စာတမ်းများအတိုင်း အကာအကွယ်အစီအမံများကို အကောင်အထည်ဖော်လိုက်နာ ဆောင်ရွက် ခြင်းရှိ/မရှိအား စောင့်ကြပ်စစ်ဆေးမှု လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ် ပါသည်။ ထို့အပြင်ကမ္ဘာ့ဘဏ်မှ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် သီးခြားနည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်မှုအနေဖြင့်လည်း အကာအကွယ် အစီအမံများအား လိုက်နာဆောင်ရွက်မှုအခြေအနေများကို စိစစ်သုံးသပ်သွားမည် ဖြစ်ပါသည်။

**ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းမှုအစီအစဉ်(GHM)**

၁၅။ စီမံကိန်း၏ စီမံခန့်ခွဲမှုလုပ်ငန်းများကို အချိန်နှင့်တပြေးညီ လုပ်ဆောင်နိုင်ရေးအတွက် စီမံကိန်းအဆင့်တိုင်းတွင် စီမံကိန်းနှင့် သက်ဆိုင်သူများ၊ အကျိုးခံစားခွင့်ရှိသူများမှ တိုင်ကြားစာ (သို့မဟုတ်) အကြံပြုစာများအား ပေးပို့နိုင်သည့် ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းမှု အစီအစဉ် (Grievance Handling Mechanism, GHM)အား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယခု PPCP

စီမံကိန်း၏ GHM အား အောင်မြင် နေပြီးဖြစ်သော လူထုဗဟိုပြုစီမံကိန်း (NCDDP) ၏ (GHM) နည်းလမ်းအတိုင်း ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာစီမံခန့်ခွဲမှုမူဘောင် (ESMF)၏ ဖွဲ့စည်းပုံ**

၁၆။ ESMF အား အောက်ပါအပိုင်း(၄)ပိုင်းဖြင့် ဖွဲ့စည်းတင်ပြထားရှိပြီး စီမံကိန်း၏ လုပ်ထုံးလုပ်နည်းများ၊ အမျိုးမျိုးသော အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မူဝါဒများအား လိုက်နာဆောင်ရွက်မှု များအတွက် လမ်းညွှန်ချက်များပါဝင်သည့် နောက်ဆက်တွဲ လမ်းညွှန်ချက်များကိုလည်း ထည့်သွင်း ဖော်ပြထားရှိပါသည်-

- အပိုင်း(၁) စီမံကိန်းအဆိုပြုသူများ၊ စီမံကိန်း၏ မူဝါဒဆိုင်ရာနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ အစရှိသည်တို့ ပါဝင်သော PPCP စီမံကိန်း၏ အကျဉ်းချုပ် အချက်အလက်များ၊
- အပိုင်း(၂) စီမံကိန်း၏ သက်ဆိုင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များနှင့် ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းမှု အစီအစဉ် အစရှိသည့် ဖော်ပြချက်များ၊
- အပိုင်း(၃) စီမံကိန်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများနှင့် ကမ္ဘာ့ဘဏ်၏ အန္တရာယ်ကင်းရှင်းရေးနှင့် အကာအကွယ် ဆိုင်ရာမူဝါဒများ၊
- အပိုင်း(၄) PPCP စီမံကိန်းတွင် သက်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ မူဝါဒများ အသုံးပြုရန်အတွက် အခြေခံသဘောတရားများနှင့် ချဉ်းကပ်မှုများ၊